# ကလေးကျန်းမာရေးအတွက် ဆရာဝန်ထံ သွားရောက်ပြသရန် သင့်ကလေးငယ်အား ကြိုတင်ပြင်ဆင်ခြင်း- MMR ကာကွယ်ဆေးထိုးခြင်း



## ဆရာဝန်ထံ သွားရောက်မပြသမီ

### ဝက်သက်၊ ပါးချိတ်ရောင်နှင့် ဂျိုက်သိုးရောဂါအကြောင်း သင်ဘာတွေသိထားဖို့ လိုအပ်သလဲ

MMR ကာကွယ်ဆေးသည် အောက်ပါတို့ကို ဖြစ်စေသော ရောဂါသုံးမျိုးမှ ကာကွယ်ပေးသည်-

**ဝက်သက်ရောဂါ-**
- လေပြွန်ပိတ်ခြင်း
- နှလုံးနှင့် ကျောက်ကပ်ပျက်စီးခြင်း
- လေဖြတ်ခြင်း

**ဝက်သက်ရောဂါရှိသည့် ကလေး 16 ဦးတွင် 1 ဦးခန့်သည် အဆုတ်ရောင်ခြင်းဖြစ်ပွားနိုင်ပြီး ၎င်းသည် ဝက်သက်ရောဂါကြောင့် ကလေးများသေဆုံးရသည့် အဖြစ်အများဆုံး အကြောင်းရင်းဖြစ်ပါသည်။**

**ပါးချိတ်ရောင်ရောဂါ-**
- ကြွက်သားတောင့်တင်းခြင်း သို့မဟုတ် အကြောဆွဲခြင်း
- ပါးစပ်နှင့် လည်ပင်းကြွက်သားများ တင်းမာပြီး အစာမျိုချရန်ခက်ခဲခြင်း
- တက်ခြင်း

**ပါးချိတ်ရောင်ရောဂါရှိသည့် ကလေး 7 ဦးတွင် တစ်ဦးသည် ဗိုင်းရပ်စ်ကြောင့်ဦးနှောက်အမြှေးပါးရောင်ခြင်း ဖြစ်နိုင်ပါသည်။**

**ဂျိုက်သိုးရောဂါ-**
- အဆုတ်ရောင်ခြင်း
- အသက်ရှူနှေးခြင်း သို့မဟုတ် အသက်ရှူရပ်ခြင်း
- အကြောဆွဲခြင်း

**ဂျိုက်သိုးရောဂါရှိသော မိခင်မှ မွေးဖွားလာသည့် ကလေး 80% တွင် မွေးရာပါချွတ်ယွင်းချက်များ ရှိနိုင်ပါသည်။**

### MMR ကာကွယ်ဆေးအကြောင်း အတိုချုပ်အချက်အလက်များ

MMR ကာကွယ်ဆေးသည် 2 ကြိမ်ထိုးရသော ကာကွယ်ဆေးဖြစ်သည်

ပထမအကြိမ်ထိုးခြင်း- 12-15 လသားအရွယ်

ဒုတိယအကြိမ်ထိုးခြင်း 4-6 နှစ်အရွယ်

88-97%

MMR ကာကွယ်ဆေး 2 ကြိမ်ထိုးနှံခြင်း၏ ထိရောက်မှု-
ဝက်သက် 97% ကာကွယ်ပေး
ပါးချိတ်ရောင် 88% ကာကွယ်ပေး
ဂျိုက်သိုး 97% ကာကွယ်ပေး

**MMR ကာကွယ်ဆေးနှင့်အတူ အခြားကာကွယ်ဆေးများကိုပါ တစ်ချိန်တည်း ထိုးနှံနိုင်ပါသည်။**

ကလေးကျန်းမာရေးအတွက် သွားရောက်ပြသချိန်တွင် သင့်ကလေးထိုးရမည့် အခြားကာကွယ်ဆေးများအကြောင်းကို သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူအား မေးမြန်းပါ၊ သို့မှသာ သင်အနေဖြင့် ကြိုတင်ပြင်ဆင်ထားနိုင်ပါမည်။

## ဆရာဝန်ထံ သွားရောက်ပြသစဉ်

**အချိုကျွေးပါ။** လေ့လာမှုများအရ ချိုသောအရာတစ်ခုသည် နာကျင်မှုကို လျော့ပါးစေနိုင်ကြောင်း သိရသည်။ ဆေးမထိုးမီ တစ်မိနစ်မှ နှစ်မိနစ်အလိုတွင် သင့်ကလေးကို ချိုမြသော သကြား သို့မဟုတ် ဂလူးကို့စ် ဖျော်ရည်အနည်းငယ်တိုက်ပေးရန် သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူအား တောင်းဆိုပါ။

ဂလူးကို့စ် ဖျော်ရည်

**မိခင်နို့တိုက်ခြင်းက အကောင်းဆုံးဖြစ်သည်။** မိခင်နို့တိုက်ခြင်းသည် စိတ်တည်ငြိမ်စေပြီး သင့်ကလေးကို အာရုံပြောင်းစေပါသည်။ ထို့အပြင် အနီးကပ်ထိတွေ့မှုသည် အလွန်စိတ်သက်သာရာရစေပါသည်။ ထို့ကြောင့် ဖြစ်နိုင်လျှင် ကာကွယ်ဆေးထိုးနေစဉ်အတွင်း သင့်ကလေးကို မိခင်နို့တိုက်ရန် စဉ်းစားပါ။

**နာကျင်မှုသက်သာအောင် ဆေးဖြန်းပါ။** ကာကွယ်ဆေးမထိုးမီ သင့်ကလေး၏ လက်မောင်း သို့မဟုတ် ခြေထောက်ပေါ်တွင် အေးစေသည့်ဖြန်းဆေး ဖြန်းပေးရန် သို့မဟုတ် နာကျင်မှုသက်သာစေသည့်လိမ်းဆေး လိမ်းပေးရန် တောင်းဆိုပါ။ ဆရာဝန်ထံ **သွားရောက်မပြသမီ** ကာကွယ်ဆေးထိုးချင်ကြောင်းကို သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူအား ပြောပြထားပါ၊ သို့မှသာ ၎င်းတို့အနေဖြင့် အဆင်သင့်လုပ်ထားနိုင်ပါမည်။

**သူငယ်ချင်းတစ်ဦး ခေါ်သွားပါ။** ကာကွယ်ဆေးထိုးရန် သွားရောက်စဉ်အတွင်း စိတ်ပျော်စေသောအရာအပေါ် အာရုံစိုက်မှုရစေရေးအတွက် အကူအညီဖြစ်ရန် သင့်ကလေး၏ အကြိုက်ဆုံးအရုပ်၊ စောင် သို့မဟုတ် စာအုပ်ကို ယူသွားပါ။

**သင့်ကလေးကို အာရုံပြောင်းပါ။** ကာကွယ်ဆေးထိုးခြင်းအပေါ် အာရုံမရောက်ဘဲ သင့်အပေါ် အာရုံစိုက်နေစေရန် သင့်ကလေးအား သီချင်းဆိုပြပါ သို့မဟုတ် စာဖတ်ပြပါ

**စီစဉ်မှုအနည်းငယ်က သင့်ကလေးကို စိတ်ဖိစီးမှုမရှိဘဲ ကာကွယ်ဆေးထိုးနိုင်စေရန် ကူညီပေးရာတွင် ကြီးကြီးမားမား ကွာခြားမှုဖြစ်စေနိုင်ပါသည်။**

**သင့်ကလေး၏ ကျန်းမာရေးနှင့် အနာဂတ်ကို ကာကွယ်ပေးသည့်အတွက် ဂုဏ်ယူပါတယ်။**

သင့်ကလေးအတွက် အကောင်းဆုံးကျန်းမာရေးဆုံးဖြတ်ချက်များကို ချမှတ်ရသည်မှာ တစ်ခါတစ်ရံတွင် စိတ်ဖိစီးရနိုင်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ ကျွန်ုပ်တို့က သင့်ကို ကူညီပေးရန် အသင့်ရှိပါသည်။ နောက်ထပ်အချက်အလက်များ လိုအပ်ပါက www.VoicesForVaccines.org သို့ ဝင်ရောက်ကြည့်ရှုပါ။

IOWA MEDICAL SOCIETY

Voices for vaccines

ရသော ကာကွယ်ဆေးအချက်အလက်များ

# ကာကွယ်ဆေးထိုးပြီးနောက် မည်သည့်အရာကို မျှော်လင့်ထားရမည်နည်း

## ပုံမှန်ကိုယ်ခံအားတုံ့ပြန်မှုနှင့် ပြင်းထန်သောဆိုးကျိုးဖြစ်စဉ်များကို သဘောပေါက်နားလည်ခြင်း

ပုံမှန်ကိုယ်ခံအားတုံ့ပြန်မှု (တစ်ခါတစ်ရံ ဘေးထွက်ဆိုးကျိုးဟုလည်း ခေါ်ပါသည်) သည် ကာကွယ်ဆေးအာနိသင်ပြ၊ မပြ သင်သိနိုင်မည့်အချက် ဖြစ်ပါသည်- ကာကွယ်ဆေးထိုးပြီးချိန်တွင် သင့်ကလေး၏ ကိုယ်ခံအားစနစ်က "ကျူးကျော်သူ" ကိုသတိပြုမိကာ တိုက်ထုတ်ရန် ပြင်ဆင်သည်။ သို့သော် ကာကွယ်ဆေးထိုးခြင်းသည် အလေ့အကျင့်တစ်ခုဖြစ်ပြီး ရောဂါပိုးအစစ်အမှန်မဟုတ်သည့်အတွက် ကိုယ်ခံအားတုံ့ပြန်မှုသည် အများအားဖြင့် ပျော့ပျောင်းပြီး ရက်အနည်းငယ်အတွင်း အလိုအလျောက် ပျောက်သွားပါမည်။ MMR ကာကွယ်ဆေးထိုးပြီးနောက် ပုံမှန်ကိုယ်ခံအားတုံ့ပြန်မှုအချို့တွင် ပါဝင်သည်မှာ-

- ကာကွယ်ဆေးထိုးထားသော နေရာ၌ နာကျင်ခြင်း
- ပင်ပန်းနွမ်းနယ်ခြင်း သို့မဟုတ် အိပ်ငိုက်ခြင်း
- ဖျော့တော့သော အနီရောင် အဖုအပိမ့် မကူးစက်နိုင်ပါ
- အအေးမိဖျားနာခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း သို့မဟုတ် မျက်လုံးဖောင်းခြင်း
- ကာကွယ်ဆေးထိုးထားသော နေရာပတ်လည်တွင် နီမြန်းခြင်း သို့မဟုတ် ရောင်ရမ်းခြင်း
- ဖျားနာခြင်း
- သွားရည်ကျိုက်ရောင်ခြင်း။

**ပြင်းထန်သောဆိုးကျိုးဖြစ်စဉ်များ**

ပြင်းထန်သောပြဿနာများသည် အလွန်ကြုံတောင့်ကြုံခဲပါသည် (အယောက် 1 သန်းတွင် 1 ယောက်ခန့်သာ)။ ဓာတ်မတည့်တုံ့ပြန်မှုများတွင် ပါဝင်သည်မှာ-

- အင်ပျဉ်ထခြင်း *
- မျက်နှာနှင့် လည်ချောင်း ရောင်ရမ်းခြင်း
- အသက်ရှူရခက်ခဲခြင်း
- နှလုံးခုန်မြန်ခြင်း
- မူးဝေခြင်း
- အားနည်းခြင်း

* အဖုအပိမ့်အနီစက်နှင့်မတူဘဲ အင်ပျဉ်ထခြင်းသည် အရေပြားပေါ်တွင် မို့မောက်ပြီး တိကျသည့်အနားသတ်မရှိသော "အကွက်များ" ဖြစ်လေ့ရှိပါသည်။

## ပုံမှန်ကိုယ်ခံအားတုံ့ပြန်မှုများကို မည်သို့ကုသရမည်နည်း

ကာကွယ်ဆေးထိုးပြီးနောက် ပုံမှန်ကိုယ်ခံအားတုံ့ပြန်မှုများကို ကုသရန် အကောင်းဆုံးနည်းလမ်းမှာ-

1) ဆေးထိုးထားသောနေရာတွင် နီမြန်းခြင်းနှင့် ရောင်ရမ်းခြင်းအတွက် ရေခဲဝတ်ကပ်ပေးပါ။
2) သင့်ကလေးကို Infant/Children's Motrin® သို့မဟုတ် Tylenol® သို့မဟုတ် အလားတူဆေးကဲ့သို့ နာကျင်မှုသက်သာစေသောဆေး (အကိုက်အခဲပျောက်ဆေး) တိုက်ပါ။ သောက်ရမည့်ပမာဏကို သိရှိရန် သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို ဖုန်းခေါ်ပါ။

## သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို မည်သည့်အချိန်တွင် ဖုန်းခေါ်ဆိုသင့်သနည်း

ပြင်းထန်သော ဓာတ်မတည့်တုံ့ပြန်မှုများသည် စက္ကန့်ပိုင်းအတွင်း သို့မဟုတ် မိနစ်ပိုင်းအတွင်း ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် အလွန်ကြုံတောင့်ကြုံခဲ အခြေအနေဖြစ်သည့် ပြင်းထန်သော တုံ့ပြန်မှုမျိုး သင့်ကလေး၌ ဖြစ်လာသည့်အခါ သင်သည် ဆရာဝန်ရုံးခန်းအတွင်း၌ ရှိနေသေးဖို့ များပါမည်။ သို့သော် ပို၍ပြင်းထန်မှုနည်းသော ဓာတ်မတည့်တုံ့ပြန်မှုများသည် ကာကွယ်ဆေးထိုးပြီး နာရီအနည်းငယ်အကြာ (ဖြစ်ခဲသော်လည်း 24 နာရီအထိ ကြာပြီးနောက်) တွင် ဖြစ်ပေါ်နိုင်ပါသည်။ ဓာတ်မတည့်တုံ့ပြန်မှုကို သတိပြုမိပါက သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံ ချက်ချင်းဆက်သွယ်သင့်သည်။

ပုံမှန်ကိုယ်ခံအားတုံ့ပြန်မှုများသည် ကာကွယ်ဆေးထိုးပြီး တစ်ပတ်အတွင်း ပျောက်ကင်းသွားလေ့ရှိပါသည်။ သို့သော် သင့်တွင် စိုးရိမ်မှုရှိပါက သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံ ဆက်သွယ်သင့်သည်။

## သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူအတွက် မေးခွန်းများ

## ကာကွယ်ဆေးထိုးပြီးနောက် သတိပြုရန်အချက်များ

